# M3 Level

Listing part

1 ~ 4

(Sample question)

# 1

1-1 Listen to a sentence and choose the suitable picture.
စကားပြောနှင့် ကိုက်ညီသောရုပ်ပုံကိုရွေးပါ။

| ၁. | ၂. | ၃. | ၄. |
| --- | --- | --- | --- |
|  |  |  |  |

1-2 Listen to the choices and choose the correct answer which is match with the picture.
စကားလုံးကို နားထောင်ပြီး ရုပ်ပုံနှင့် ကိုက်ညီသောစကားလုံးကိုရွေးပါ။



၁. ၂. ၃. ၄.

# 2

2 Choose the suitable expression for “ ⇒ ” person.

မြား “ ⇨ ” ပြထားသောလူနှင့် သင့်တော်သောအဖြေကိုရွေးပါ။



၁.　　　၂.　　　၃.　　　၄.

# 3

3 Listen to the conversation, question and the choices. Choose the correct answer.
အောက်ပါမိုးလေဝသသတင်းကိုနားထောင်ပြီး မေးခွန်းကိုဖြေပါ။

(1)

၁.　　၂.　　၃.　　၄.

(2)

၁.　　၂.　　၃.　　၄.

# 4

4 Listen to the conversation, and follow each questions

**စကားပြောကိုနားထောင်ပြီး မေးခွန်းကိုဖြေပါ။**

| အမျိုးအစား | အရေအတွက် | ( ① )ဘဏ် ရည်ညွှန်းငွေလဲနှုန်း |
|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၁၈၆ ကျပ် |
| ယူရို | တစ်ယူရို | ၁၃၃၄ ဒသမ ၉ ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၈၈၀ ဒသမ ၀၈ ကျပ် |
| ဂျပန်ယန်း | ( ② ) | ၁၁၃၃ ဒသမ ၂ ကျပ် |
| တရုတ်ယွမ် | တစ်ယွမ် | ၁၇၉ ဒသမ ၉၂ ကျပ် |
| မလေးရှားရင်းဂစ် | တစ်ရင်းဂစ် | ၂၉၀ ဒသမ ၄၄ ကျပ် |
| ထိုင်းဘတ် | တစ်ဘတ် | ၃၃ ဒသမ ၆၂၆ ကျပ် |

(1) Listen to the choices and choose correct answer to fill in the blank.
စကားလုံးကို နားထောင်ပြီး သင့်တော်သောအဖြေကို ကွက်လပ်တွင်ဖြည့်ပါ။

①

၁. ၂. ၃. ၄.

②

၁. ၂. ၃. ၄.

(2) Listen to question and the choices. Choose the correct answer.
မေးခွန်းကို နားထောင်ပြီး သင့်တော်သောအဖြေကို ရွေးပါ။

၁. ၂. ၃. ၄.

# M3 Level

Reading part

1 ~ 5

(Sample question)

Myanmar Language Test

# 1

1 Chose the suitable word in the blank.

**သင့်တော်သော စကားလုံးကို ကွက်လပ်တွင်ဖြည့်ပါ။**

(1) စီးပွားရေးလုပ်ငန်းရှင်တွေက သေသေချာချာအခွန် (　) ရမယ်။

၁. ဆောင်　　၂. ကိုင်　　၃. ထည့်　　၄. ကောက်

(2) ဆောက်လုပ်ရေးဆိုင်ရာအစည်းအဝေးကို ရန်ကုန်မြို့တော်ခန်းမ (　) ကျင်းပခဲ့သည်။

၁. ၄င်း　　၂. ၏　　၃. နှင့်　　၄. ၌

# 2

2 **Put the words in right order, and answer the word which is in " ※ ".**
**စကားလုံးများကိုမှန်ကန်အောင်စီစဉ်၍ " ※ "တွင်ထည့်သွင်းသင့်သည့်စကားလုံးကိုဖြည့်ပါ။**

(　) (　) လို့ ( ※ ) (　)သွားတယ်။

၁. ကြီး　　၂. သဘော်　　၃. မှောက်　　၄. လှိုင်း

# 3

3 Read the paragraph and answer the question.
**စာပိုဒ်ကိုဖတ်ပြီး မေးခွန်းကိုဖြေပါ။**

တစ်ပတ်ကို ဒိန်ချဉ်အနည်းဆုံးငါးကြိမ်စားတဲ့အမျိုးသမီးတွေက သွေးဖိအားမြင့်တက်နိုင်ခြေ လျော့နည်းတယ်လို့ သုတေသီတွေကတွေ့ရှိခဲ့ပါတယ်။ သုတေသီတွေက အသက်၂၅-၅၅နှစ်ကြားရှိ အမျိုးသမီးပေါင်း နှစ်သိန်းလေးသောင်းကျော်နဲ့ အသက်၄၀-၇၅နှစ်ကြားရှိ အမျိုးသားပေါင်းငါးသောင်းတစ်ထောင်ကို လေ့လာမှုအပြီးမှာ ဖော်ထုတ်လိုက်တာပါ။ ဒိန်ချဉ်စားတာကြောင့် သွေးဖိအားမြင့်တက်နိုင်ခြေဟာ ၂၀ရာခိုင်နှုန်းအထိ လျော့ကျနိုင်ပါတယ်။ ဒိန်ချဉ်မှာပါဝင်တဲ့ ဘက်တီးရီးယားတွေက သွေးဖိအားမြင့်တက်စေနိုင်တဲ့သွေးကြောကျဉ်းမှုကိုဖြစ်စေတဲ့ ကိုလက်စထရောကို လျော့ကျအောင်ကူညီနိုင်တာကြောင့်ပါ။

(1) ဒိန်ချဉ်ကို တစ်ပတ်မှာအနည်းဆုံးဘယ်နှစ်ခါ စားသင့်သလဲ။
၁. ၅ ခါထက်မနည်း
၂. ၅ ခါထက်မများ
၃. အခါ ၂၀ ထက်မနည်း
၄. အခါ ၂၀ ထက်မနည်း

(2) သုတေသီတွေက အမျိုးသားဘယ်နှစ်ယောက်ကိုလေ့လာသလဲ။
၁. အယောက်၂၄၀၀
၂. အယောက် ၂၄၀၀၀
၃. အယောက် ၅၁၀၀
၄. အယောက် ၅၁၀၀၀

(3) ဒိန်ချဉ်မှာ ဘယ်အရာအရာကိုပါသလဲ။
၁. သွေးဖိအား
၂. ဘက်တီးရီးယား
၃. သွေးကြောကျဉ်းမှု
၄. ကိုလက်စထရော

(4) သွေးကြောကျဉ်းမှုက ဘယ်အရာကြောင့်ဖြစ်ပေါ်သလဲ။
၁. ဒိန်ချဉ်
၂. သွေးဖိအား
၃. ဘက်တီးရီးယား
၄. ကိုလက်စထရော

(5) မှန်တဲ့စာကြောင်းကိုရွေးပါ။
၁. ကိုလက်စထရောက သွေးကြောကျဉ်းမှုကို တိုက်ဖျက်နိုင်တယ်။
၂. သုတေသီတွေက အမျိုးသမီးတွေကိုပဲ စမ်းသပ်ခဲ့တယ်။
၃. အသက် ၄၀-၇၅နှစ်ကြားရှိအမျိုးသားတွေက သွေးဖိအားမြင့်တယ်။
၄. ဒိန်ချဉ်မှာ ကောင်းကျိုးရှိတယ်။

# 4

4. Read following paragraph carefully and fill in the blank with appropriate word.
**အောက်ပါစာပိုဒ်ကို ဂရုတစိုက်ဖတ်ရှု၍ သင့်လျော်သောစကားလုံးဖြင့် ကွက်လပ်တွင်ဖြည့်ပါ။**

(--1--)မှာ ဥယျာဉ်တွေသွားပြီး အပန်းဖြေလိုသူတွေအတွက် (--2--)ဖျော်ဖြေရေး (--3--)တွေ ရှိတဲ့နေရာတွေကို ဖော်ပြပေးလိုက်ပါမယ်။
ပြည်သူ့ဥယျာဉ်မှာ ရာသီဥတု (--4--)အပေါ် မူတည်ပြီး ညနေ(--5--)မှာ ရုပ်ရှင်ပြပွဲရှိပါတယ်။
ဦးဥတ္တမပန်းခြံ Happy World ကလေး(--6--)မှာတော့ စနေ၊ တနင်္ဂနွေ နှစ်ရက်(--7--)
မျက်လှည့်တင်ဆက်မှုတွေ၊ (--8--)အဖွဲ့တွေရဲ့ တင်ဆက်မှုတွေကို မနက် ၁၁ နာရီကနေစပြီး ဖျော်ဖြေပေးမှာဖြစ်ပါတယ်။
အခု(--9--)မှာတော့ ဥယျာဉ်တွေကို မသွားဘဲ (--10--)စင်တာတွေကို သွားတဲ့လူတွေလည်း အများကြီးရှိပါတယ်။

| | | | | |
|---|---|---|---|---|
| (--1--) | ၁. ရုံးဖွင့်ရိုင် | ၂. ရေးကောက်ပွဲကျင်းပရက် | ၃. အားလပ်ရက် | ၄. အချိန်ကာလ |
| (--2--) | ၁. မတော်တဆ | ၂. အခမဲ့ | ၃. ကံကောင်း | ၄. ရုတ်တရက် |
| (--3--) | ၁. အဖြစ်အပျက် | ၂. အစီအစဉ် | ၃. အမျိုးအစား | ၄. အရည်အချင်း |
| (--4--) | ၁. မိုးလေဝသ | ၂. သုတေသနာ | ၃. စည်းကမ်းချက် | ၄. အခြေအနေ |
| (--5--) | ၁. ပိုင်း | ၂. တုန်း | ၃. တိုင်း | ၄. တော့ |
| (--6--) | ၁. စာသင်ကျောင်း | ၂. အထူးကုဆေးရုံ | ၃. ဂေါက်ကွင်း | ၄. ကစားကွင်း |
| (--7--) | ၁. စလုံး | ၂. အထိ | ၃. ခါနီး | ၄. တိတိ |
| (--8--) | ၁. ဝန်းကြီး | ၂. လူမိုက် | ၃. အက | ၄. ကိုယ်စား |
| (--9--) | ၁. စနစ် | ၂. ခေတ် | ၃. ပတ်ဝန်းကျင် | ၄. ဆယ်ကျော်သက် |
| (--10--) | ၁. ကုန်သွယ်ရေး | ၂. ဈေးဝယ် | ၃. စက်မှု | ၄. စာပေ |

# 5

5 **Read the paragraph and answer the question.**

**စာပိုဒ်ကိုဖတ်ပြီး မေးခွန်းကိုဖြေပါ။**

ရှေးအခါက လှေသူကြီးနဲ့ကုန်သည်ကြီးဟာ ခင်ခင်မင်မင်နေထိုင်ကြတယ်။
တစ်နေ့တော့ သံဈေးတွေကျလာတာကြောင့် လှေသူကြီးဟာ နောင်မှာသူ့လှေများတွင်အသုံးပြုရန်အတွက် သံကိုများများဝယ်ပြီး ကုန်သည်ကြီးရဲ့ကုန်သိုလှောင်ရုံမှာ သိမ်းထားခဲ့တယ်။
အဲဒီနောက် လှေသူကြီးဟာ အလုပ်ကိစ္စနဲ့ အဝေးကြီးကိုထွက်သွားခဲ့တယ်။ ကံဆိုးချင်တော့ သံဈေးနှုန်းတွေဟာ လှေသူကြီးမရှိတော့တဲ့အချိန်မှာ အဆမတန်ဈေးတက်လာပါတယ်။ ဒါကြောင့် လောဘကြီးတဲ့ကုန်သည်ကြီးဟာ လှေသူကြီးရဲ့သံများကို သူ့သဘောနဲ့ ရောင်းပစ်လိုက်တယ်။
ဒီလိုနဲ့ လှေသူကြီးပြန်ရောက်လာတဲ့အခါမှာတော့ ကုန်သည်ကြီးက "သူငယ်ချင်းရေ၊ မင်းမရှိတုန်းမှာ သိုလှောင်ထားတဲ့သံတွေကို ကြွက်တွေကိုက်စားလို့ မရှိတော့ဘူး။ စိတ်မကောင်းပါဘူး။"လို့ပြောလိုက်ပါတယ်။ လှေသူကြီးဟာ အံ့သြဟန်ဆောင်ပေမယ့် အလိမ်ခံရတာကို သိရှိလိုက်တယ်။
ပညာရှိတဲ့လှေသူကြီးဟာ သူ့ရဲ့အတွင်းစိတ်ကိုဖုံးကွယ်ရင်း တည်တည်ငြိမ်ငြိမ်နဲ့ပဲ "ဟုတ်ပါပြီ။ ငါကလည်း မင်းရဲ့ကုန်သိုလှောင်ရုံမှာ ကြွက်တွေသောင်းကျန်းနေတာသိဖို့ကောင်းပါတယ်"လို့ကိုယ့်ကိုယ်ကို အပြစ်တင်တဲ့ပုံစံနဲ့ ပြောလိုက်ပါတယ်။

(1) လှေသူကြီးဟာ သံများကိုမည်သည့်နေရာတွင် သိမ်းထားသနည်း။

၁. ဆိပ်ကမ်းတွင်
၂. လှေများပေါ်တွင်
၃. ကုန်သိုလှောင်ရုံတွင်
၄. သံဈေးတွင်

(2) လှေသူကြီးမရှိသောအခါတွင် ဘာဖြစ်သနည်း။

၁. သံဈေးမြင့်တက်လာသည်။
၂. ကုန်သည်ကြီးလည်း သံများအားအများအပြားဝယ်သည်။
၃. ကြွက်များသည် သံများကိုစားကြသည်။
၄. ကုန်သည်ကြီးသည် သိုလှောင်ရုံကိုရောင်းလိုက်သည်။

(3) အဘယ်ကြောင့် သံများပျောက်သွားသနည်း။

၁. လှေများတွင်အသုံးပြုခဲ့သောကြောင့်

၂. ကုန်သည်ကြီး ရောင်းလိုက်သောကြောင့်

၃. ကြွက်များသောင်းကျန်းနေသောကြောင့်

၄. လှေသူကြီးသည်ကုန်သည်ကြီးအား အပြစ်တင်ခဲ့သောကြောင့်